## ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူ – မြန်မာ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုပမာဏအား အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်တင်ပြခြင်း

၁။ စင်ကာပူ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းအရ ၂၀၁၉ –၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ) တွင် စင်ကာပူ-မြန်မာ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုပမာဏသည် စင်ကာပူဒေါ်လာ ၁,၂၃၁.၄၉၀ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ စင်ကာပူက မြန်မာမှ တင်သွင်းခဲ့သော သွင်းကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၆၁.၁၈၀ သန်း ဖြစ်ပြီး၊ မြန်မာသို့ တင်ပို့ခဲ့သော ပို့ကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၁,၁၇၀.၃၁၀ သန်း ဖြစ်သည့်အတွက် စင်ကာပူဘက်တွင် ကုန်သွယ်မှုပိုငွေ (Trade Surplus) စင်ကာပူဒေါ်လာ ၁,၁၀၉.၁၃၀ သန်း ပေါ်ပေါက်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၁) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူ – မြန်မာ ကုန်စည်ကုန်သွယ်မှုပမာဏ** (စင်ကာပူဒေါ်လာ သန်းပေါင်း)

| စဉ် | လအမည် | ကုန်သွယ်မှုပမာဏ | | |
|---|---|---|---|---|
| | | သွင်းကုန် | ပို့ကုန် | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၃၁.၅၃၃ | ၃၆၂.၀၃၀ | ၃၉၃.၅၆၃ |
| ၂ | နိုဝင်ဘာ | ၁၁.၆၄၂ | ၃၄၉.၁၈၂ | ၃၆၀.၈၂၄ |
| ၃ | ဒီဇင်ဘာ | ၁၈.၀၀၅ | ၄၅၉.၀၉၈ | ၄၇၇.၁၀၃ |
| | စုစုပေါင်း | ၆၁.၁၈၀ | ၁၁၇၀.၃၁၀ | ၁၂၃၁.၄၉၀ |

ရင်းမြစ်။ ။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာန၏ စာရင်း

၂။ အောက်ဖော်ပြပါ ဇယား (၂၊ ၃၊ ၄) တို့တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၉ –၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူ–မြန်မာ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက စင်ကာပူဒေါ်လာ ၂၀၇.၈၃၅ သန်း (၂၀ ရာခိုင်နှုန်းကျော်) တိုးတက်ခဲ့ပါသည်။ စင်ကာပူက မြန်မာမှ တင်သွင်းခဲ့သော သွင်းကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၁၂.၂၁၀ သန်း (၂၅ ရာခိုင်နှုန်းခန့်) တိုးတက်ခဲ့ပြီး၊ မြန်မာသို့ တင်ပို့ခဲ့သော ပို့ကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၁၉၅.၆၂၅ သန်း (၂၀ ရာခိုင်နှုန်း) မြင့်တက်ခဲ့ပါသည်။

**ဇယား (၂) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူ – မြန်မာ ကုန်စည်ကုန်သွယ်မှုပမာဏအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်တင်ပြခြင်း** (စင်ကာပူဒေါ်လာ သန်းပေါင်း)

| စဉ် | လအမည် | ကုန်သွယ်မှုပမာဏ | | |
|---|---|---|---|---|
| | | ၂၀၁၉–၂၀၂၀ ပထမ(၃)လပတ် | ၂၀၁၈–၂၀၁၉ ပထမ(၃)လပတ် | (+)တိုး/ (-)လျော့ |
| ၁ | အောက်တိုဘာ | ၃၉၃.၅၆၃ | ၃၄၆.၂၃၃ | ၄၇.၃၃၀ |
| ၂ | နိုဝင်ဘာ | ၃၆၀.၈၂၄ | ၂၆၂.၆၃၉ | ၉၈.၁၈၅ |
| ၃ | ဒီဇင်ဘာ | ၄၇၇.၁၀၃ | ၄၁၄.၇၈၃ | ၆၂.၃၂၀ |
| | စုစုပေါင်း | ၁၂၃၁.၄၉၀ | ၁၀၂၃.၆၅၅ | ၂၀၇.၈၃၅ |

ရင်းမြစ်။ ။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာန၏ စာရင်း

**ဇယား (၃) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူက မြန်မာမှ တင်သွင်းသော သွင်းကုန်ပမာဏအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်တင်ပြခြင်း** (စင်ကာပူဒေါ်လာ သန်းပေါင်း)

| စဉ် | လအမည် | သွင်းကုန် | | |
|---|---|---|---|---|
| | | ၂၀၁၉–၂၀၂၀ ပထမ(၃)လပတ် | ၂၀၁၈–၂၀၁၉ ပထမ(၃)လပတ် | (+)တိုး/ (–)လျော့ |
| ၁ | အောက်တိုဘာ | ၃၁.၅၃၃ | ၁၃.၇၄၄ | ၁၇.၇၈၉ |
| ၂ | နိုဝင်ဘာ | ၁၁.၆၄၂ | ၂၀.၉၂၀ | – ၉.၂၇၈ |
| ၃ | ဒီဇင်ဘာ | ၁၈.၀၀၅ | ၁၄.၃၀၆ | ၃.၆၉၉ |
| | **စုစုပေါင်း** | **၆၁.၁၈၀** | **၄၈.၉၇၀** | **၁၂.၂၁၀** |

ရင်းမြစ်။ ။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာန၏ စာရင်း

**ဇယား (၄) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူမှ မြန်မာသို့ တင်ပို့သော ပို့ကုန်ပမာဏအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်တင်ပြခြင်း** (စင်ကာပူဒေါ်လာ သန်းပေါင်း)

| စဉ် | လအမည် | ပို့ကုန် | | |
|---|---|---|---|---|
| | | ၂၀၁၉–၂၀၂၀ ပထမ(၃)လပတ် | ၂၀၁၈–၂၀၁၉ ပထမ(၃)လပတ် | (+)တိုး/ (–)လျော့ |
| ၁ | အောက်တိုဘာ | ၃၆၂.၀၃၀ | ၃၃၂.၄၈၉ | ၂၉.၅၄၁ |
| ၂ | နိုဝင်ဘာ | ၃၄၉.၁၈၂ | ၂၄၁.၇၁၉ | ၁၀၇.၄၆၃ |
| ၃ | ဒီဇင်ဘာ | ၄၅၉.၀၉၈ | ၄၀၀.၄၇၇ | ၅၈.၆၂၁ |
| | **စုစုပေါင်း** | **၁၁၇၀.၃၁၀** | **၉၇၄.၆၈၅** | **၁၉၅.၆၂၅** |

ရင်းမြစ်။ ။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာန၏ စာရင်း

၃။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်တွင် စင်ကာပူ၏ အာဆီယံနိုင်ငံများနှင့် ကုန်စည်ကုန်သွယ်မှုအခြေအနေကို ဇယား (၅) တွင် ဖော်ပြထားပါသည်။ စင်ကာပူနှင့် အခြား အာဆီယံနိုင်ငံများအကြား ကုန်စည်ကုန်သွယ်မှုပမာဏသည် စင်ကာပူဒေါ်လာ ၆၇,၃၆၄.၉၂၂ သန်း ကုန်သွယ်မှုပြုခဲ့ပြီး၊ အများဆုံး ကုန်သွယ်မှုပြုလုပ်ခဲ့သော နိုင်ငံများမှာ မလေးရှား (၄၅.၃၆ ရာခိုင်နှုန်း)၊ အင်ဒိုနီးရှား (၂၁.၆၉ ရာခိုင်နှုန်း) နှင့် ထိုင်း (၁၂.၁၅ ရာခိုင်နှုန်း) တို့ ဖြစ်ကြပါသည်။ စင်ကာပူ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် စင်ကာပူ၏ အာဆီယံဒေသတွင်း စုစုပေါင်းကုန်သွယ်မှု ပမာဏ၏ ၁.၈၃ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ စင်ကာပူသည် အခြားအာဆီယံနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ၎င်း၏ ပို့ကုန်တန်ဖိုးမှာ ၎င်း၏ သွင်းကုန်တန်ဖိုးထက် ပမာဏများသောကြောင့် အာဆီယံဒေသတွင်း၌လည်း ကုန်သွယ်မှုပိုငွေ ပေါ်ပေါက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၅) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူ – အာဆီယံ ကုန်စည် ကုန်သွယ်မှုအခြေအနေ**

စင်ကာပူဒေါ်လာ သန်းပေါင်း

| စဉ် | နိုင်ငံအမည် | ကုန်သွယ်မှုပမာဏ | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | သွင်းကုန် | ပို့ကုန် | စုစုပေါင်း | % | |
| ၁ | မလေးရှား | ၁၅၁၃၈.၁၃၄ | ၁၅၄၁၈.၆၆၇ | ၃၀၅၅၆.၈၀၁ | ၄၅.၃၆ % | ကုန်သွယ်မှုပိုငွေ |
| ၂ | အင်ဒိုနီးရှား | ၅၁၀၄.၉၄၅ | ၉၅၀၇.၂၃၀ | ၁၄၆၁၂.၁၇၅ | ၂၁.၆၉ % | ကုန်သွယ်မှုပိုငွေ |
| ၃ | ထိုင်း | ၂၄၄၆.၇၅၂ | ၅၇၃၆.၅၆၃ | ၈၁၈၃.၃၁၅ | ၁၂.၁၅ % | ကုန်သွယ်မှုပိုငွေ |
| ၄ | ဗီယက်နမ် | ၁၁၀၁.၁၂၉ | ၄၅၆၉.၅၀၈ | ၅၆၇၀.၆၃၇ | ၈.၄၂ % | ကုန်သွယ်မှုပိုငွေ |
| ၅ | ဖိလစ်ပိုင် | ၂၁၉၀.၉၁၄ | ၃၀၃၄.၂၃၄ | ၅၂၂၅.၁၄၈ | ၇.၇၆ % | ကုန်သွယ်မှုပိုငွေ |
| ၆ | ကမ္ဘောဒီးယား | ၂၆၃.၂၀၂ | ၉၉၈.၈၈၄ | ၁၂၆၂.၀၈၆ | ၁.၈၇ % | ကုန်သွယ်မှုပိုငွေ |
| ၇ | မြန်မာ | ၆၁.၁၈၀ | ၁၁၇၀.၃၁၀ | ၁၂၃၁.၄၉၀ | ၁.၈၃ % | ကုန်သွယ်မှုပိုငွေ |
| ၈ | ဘရူနိုင်း | ၂၄၂.၈၅၄ | ၃၅၁.၈၃၆ | ၅၉၄.၆၉၀ | ၀.၈၈ % | ကုန်သွယ်မှုပိုငွေ |
| ၉ | လာအို | ၃.၀၉၂ | ၂၅.၄၈၈ | ၂၈.၅၈၀ | ၀.၀၄ % | ကုန်သွယ်မှုပိုငွေ |
| | စုစုပေါင်း | ၂၆၅၅၂.၂၀၂ | ၄၀၈၁၂.၇၂၀ | ၆၇၃၆၄.၉၂၂ | ၁၀၀ % | ကုန်သွယ်မှုပိုငွေ |

ရင်းမြစ်။ ။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာန၏ စာရင်း

၄။ စင်ကာပူ၏ စုစုပေါင်းကုန်စည်ကုန်သွယ်မှုပမာဏမှာ ပထမ(၃)လပတ်တွင် စင်ကာပူဒေါ်လာ ၂၆၄,၀၀၃.၅၉၂ သန်း ဖြစ်ပေါ်ခဲ့ပြီး၊ ကုန်သွယ်ရေးပိုငွေမှာ စင်ကာပူဒေါ်လာ ၁၁,၂၉၇.၉၀၇ သန်း ပေါ်ပေါက်ခဲ့ပါသည်။ ဤကာလအတွင်း စင်ကာပူ – အာဆီယံ ကုန်သွယ်မှုပမာဏသည် စင်ကာပူ၏ စုစုပေါင်းကုန်စည်ကုန်သွယ်မှုပမာဏ၏ ၂၅.၅၂ ရာခိုင်နှုန်း ရှိပါသည်။ စင်ကာပူ-မြန်မာ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုပမာဏမှာ စင်ကာပူ၏ စုစုပေါင်းကုန်စည်ကုန်သွယ်မှုပမာဏ၏ ၀.၄၇ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၆) ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူနိုင်ငံ၏ ကုန်စည် ကုန်သွယ်မှုအခြေအနေ**

စင်ကာပူဒေါ်လာ သန်းပေါင်း

| စဉ် | နိုင်ငံအမည် | ကုန်သွယ်မှုပမာဏ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | သွင်းကုန် | ပို့ကုန် | စုစုပေါင်း | |
| ၁ | နိုင်ငံအားလုံး | ၁၂၆၃၅၃.၀၂၆ | ၁၃၇၆၅၀.၉၃၃ | ၂၆၄၀၀၃.၉၅၉ | ကုန်သွယ်မှုပိုငွေ |
| | အာဆီယံ | ၂၆၅၅၂.၂၀၂ | ၄၀၈၁၂.၇၂၀ | ၆၇၃၆၄.၉၂၂ | ကုန်သွယ်မှုပိုငွေ |
| | % | ၂၁.၀၁ % | ၂၉.၆၅ % | ၂၅.၅၂ % | |
| | | | | | |
| | မြန်မာ | ၆၁.၁၈၀ | ၁၁၇၀.၃၁၀ | ၁၂၃၁.၄၉၀ | ကုန်သွယ်မှုပိုငွေ |
| | % | ၀.၀၅ % | ၀.၈၅% | ၀.၄၇ % | |

ရင်းမြစ်။ ။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာန၏ စာရင်း

၅။ စင်ကာပူနိုင်ငံ၊ စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ်အတွင်း စင်ကာပူ - မြန်မာ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုပမာဏ၊ စင်ကာပူ - အာဆီယံ ကုန်စည်ကုန်သွယ်မှုပမာဏနှင့် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုပမာဏတို့အား သိရှိနိုင်ပါရန် နှိုင်းယှဉ်တင်ပြအပ်ပါသည်။

24/1/2020

(မြတ်နိုး)
စီးပွားရေးသံမှူး
မြန်မာသံရုံး၊ စင်ကာပူမြို့